ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်

ညွှန်ကြားချက်အမှတ် ( ၂ /၂၀၂၁)

အကြောင်းအရာ။ **ဘဏ်များက မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် (Minimum Reserve Requirement) ယာယီပြင်ဆင်သတ်မှတ်သည့်ကာလ တိုးမြှင့်ခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၂.၉.၂၀၂၀)ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁၀/၂၀၂၀)

၁။ ဘဏ်များက မြန်မာကျပ်ငွေဖြင့် ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ကို ဘဏ်နှင့် ဆက်သွယ်သူများ (Customers) အပ်ငွေစုစုပေါင်း၏ (၃.၅) ရာခိုင်နှုန်းသို့ ယာယီပြင်ဆင်သတ်မှတ်သည့်ကာလတိုးမြှင့်ခြင်းအား ရည်ညွှန်းချက်ပါ ညွှန်ကြားချက်အမှတ် (၁၀/၂၀၂၀)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ COVID-19 ရောဂါနှင့်ဆက်စပ်ဖြစ်ပေါ်လျက်ရှိသော လက်ရှိအခြေအနေအရ ဘဏ်များ၏ ငွေကြေးလွယ်ကူမှုကို ဆက်လက်အထောက်အကူဖြစ်စေရန်အတွက်ညွှန်ကြားချက်အမှတ် (၁၀/၂၀၂၀) ပါ ယာယီပြင်ဆင်သတ်မှတ်ခဲ့သည့်ကာလအား နောက်ထပ်(၆)လ (၃၀.၉.၂၀၂၁ ရက်နေ့ထိ) တိုးမြှင့်သတ်မှတ်လိုက်သည်။

၃။ ပြင်ဆင်လျှော့ချသတ်မှတ်သည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အောက် လျော့နည်းထားရှိပါက ဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၂.၉.၂၀၁၆)ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်အမှတ် (၁၂/၂၀၁၆)ပါ သတ်မှတ်ချက်အတိုင်း ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ပါသည်။

(ပုံ)xxxxxxx

ဥက္ကဋ္ဌ ( ကိုယ်စား )

သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ)

ဖြန့်ဝေခြင်း

ဘဏ်များအားလုံး

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ